

# ဟောင်ကောင် သွင်းကုန်/ထုတ်ကုန် လုပ်ငန်း


## လုပ်ငန်းထူးခြားချက်


- ဟောင်ကောင် စာရင်းအင်းဌာန၏ စာရင်းအရ ဟောင်ကောင်သည် ၂၀၁၀ ခုနှစ်၌ ကမ္ဘာ့ အကြီးဆုံး ကုန်သွယ်မှု ပြုသည့်နိုင်ငံများထဲတွင် နံပါတ် ၁၀ အဆင့်ရှိခြင်း
- ၂၀၁၄ ခုနှစ် ၌ ဟောင်ကောင်၏ ကုန်စည် ကုန်သွယ်မှုသည် ၃,၆၇၂,၇၅၁ သန်း ရှိပြီး ၂၀၁၃ ခုနှစ် ထက် ၃.၂% တက်လာခြင်း
- ဟောင်ကောင်သည် offshore trade ကုန်သွယ်မှုကို ဆောင်ရွက်နေပြီး merchanting အတွက် ဝင်ငွေသည်၂၀၁၃ခုနှစ်၌ဟောင်ကောင်ဒေါ်လာသန်းပေါင်း ၂၄၅,၉၄၅သန်းနှင့် merchandising for offshore transactionsအတွက် ကော်မရှင်ခ ဟောင်ကောင်ဒေါ်လာ သန်းပေါင်း ၃၂,၃၆၆ သန်း ရှိခဲ့ကြောင်း၊ စုစုပေါင်းတန်ဘိုးသည် ဟောင်ကောင်ဒေါ်လာ သန်းပေါင်း ၂၇၈,၃၁၀ သန်း ရှိကြောင်း၊
- ၂၀၁၅ ခုနှစ် မတ်လစာရင်းအရ ကုန်သွယ်မှုလုပ်ငန်းနှင့် လက်ကားရောင်းဝယ်သည့်လုပ်ငန်းများ၌ အလုပ်ရရှိသူပေါင်း ၅၄၅,၂၂၆ ဦးရှိကာ ၂၀၁၄ ခုနှစ် မတ်လထက် ၀.၇% ကျဆင်းကြောင်း၊ စုစုပေါင်း လုပ်ငန်းပေါင်း ၁၁၇,၄၄၆ ခု ရှိကြောင်း၊
- ၂၀၁၃ ခုနှစ်တွင် စုစုပေါင်း ဂျီဒီပီ၏ ၁၉.၇ % ရှိကြောင်း
- ဟောင်ကောင်သည် တရုတ်နိုင်ငံ၏ တင်ပို့မှုများကို ကိုင်တွယ်ရလေ့ရှိပြီး ၂၀၁၁ ခုနှစ်တွင် တရုတ်နိုင်ငံတင်ပို့မှု၏ ၁၄%(အမေရိကန်ဒေါ်လာ၂၅၈ဘီလီယံ)နှင့် တင်သွင်းမှု ၁၃% (အမေရိကန်ဒေါ်လာ ၂၂၀ ဘီလီယံ)ကို ဟောင်ကောင်မှတဆင့်ဖြတ်နေပြီး ဟောင်ကောင်၏စုစုပေါင်းတင်ပို့မှု၏ ၆၀% သည် တရုတ်နိုင်ငံမှ စတင်ကြောင်း

## အချက်အလက်များ






Source:// www.censtatd.gov.hk

ဟောင်ကောင် အဓိက offshore ကုန်သွယ်သည့် နိုင်ငံများမှာ အမေရိကန်၊ တရုတ်နိုင်ငံ၊ အင်္ဂလန်၊ ဂျာမဏီ နှင့်ဂျပန်တို့ဖြစ်ကြပါသည်။ ၂၀၁၃ခုနှစ်တွင် ဂျမဏီမှoffshoreကုန်သွယ်မှုသည် ၂၆.၁% တတ်လာကြောင်း၊ ဂျပန်မှ offshore ကုန်သွယ်မှုသည် ၇.၉%တက်လာကြောင်း၊ တရုတ်နိုင်ငံမှ offshore ကုန်သွယ်မှုသည် ၄.၈% တက်လာကြောင်း၊ အင်္ဂလန်မှ offshore ကုန်သွယ်မှုသည် ၅.၃% ကျဆင်းကြောင်း၊ အမေရိကန်မှ offshore ကုန်သွယ်မှုသည် ၂.၈% ကျဆင်းကြောင်း တွေ့ရပါသည်။ offshore ကုန်သွယ်မှု ရှယ်ယာများမှာ တရုတ်နိုင်ငံမှ ၂၂.၅% တက်ကြောင်း၊ အင်္ဂလန်မှ ၆.၆% တက်ကြောင်း၊ ဂျာမဏီမှ ၅.၅% တက်လာကြောင်း၊ ဂျပန်မှ ၅.၃% ကျဆင်းကြောင်း၊ အမေရိကန်မှ ၃၂.၆% ကျဆင်းကြောင်း တွေ့ရပါသည်။

**ဆောင်ရွက်ပေးသည့် လုပ်ငန်းများမှာ -**

ဟောင်ကောင်တွင် ထုတ်လုပ်မည့် ကုန်စည်များအတွက် ရင်းမြစ်များရှာဖွေခြင်း၊ ဟောင်ကောင်မှတဆင့် ပြန်လည်တင်ပို့ရန် ရင်းမြစ်များရှာဖွေခြင်း၊ အခြားနိုင်ငံမှ ကုန်စည်ကို ဟောင်ကောင်သို့ မဖြတ်ပဲ တိုက်ရိုက် တတိယနိုင်ငံသို့ တင်ပို့ခြင်း ဟူ၍ (၃) မျိုးရှိပါသည်။


ဟောင်ကောင်တင်သွင်းမှုလုပ်ငန်းသည် အဓိကအားဖြင့် တစ်မျိုး(သို့) တစ်မျိုးထက်ပိုသည့် တံဆိပ်များကို သာကိုင်တွယ်တင်ပို့လေ့ရှိပြီး ၎င်းတို့၏အရည်အချင်းမှာ ဖြန့်ချိသည့်စွမ်းရည်ရှိခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်များတိုးတက်လာသည့်အချိန်တွင်အပြည်ပြည်ဆိုင်ရာမှကုန်စည် များကိုဟောင်ကောင်မှတဆင့်သင်္ဘောဖြင့်တင်ပို့ခြင်း(သို့)တိုက်ရိုက်တင်သွင်းခြင်းလုပ်ငန်းများရှိလာပါသည်။ သို့သော်အဆိုပါ offshore trade လုပ်ငန်းများသည်ဟောင်ကောင် ကုန်သွယ်ရေးစာရင်းအင်းတွင် ပါဝင် ခြင်းမရှိပါ။ အဆိုပါစာရင်းအင်းအား merchanting" နှင့် "merchandising for offshore transactions တို့မှရသည့် ဝင်ငွေအဖြစ်သာ ဖော်ပြလေ့ရှိပါသည်။ ထို့သို့ဖော်ပြသည့်တန်ဘိုးများသည် ဟောင်ကောင်သို့ဝင်ရောက်ပြီး ပြန်လည်တင်ပို့သည့်လုပ်ငန်း(re-exports)ထက် တန်ဘိုးပို၍ များကြောင်း တွေ့ရပါသည်။


**<u>ဝန်ဆောင်မှုပေးသူများ</u>**

ဟောင်ကောင်သွင်းကုန်ထုတ်ကုန်လုပ်ငန်းများသည် အလွန်သေးငယ်ကာအများအားဖြင့် ပျမ်းမျှ ၆ ယောက် မျှသာရှိပါသည်၊ ၂၀၁၅ ခုနှစ် မတ်လ၌ သွင်းကုန်/ထုတ်ကုန် လက်လီလက်ကားလုပ်ငန်း၌ ၈၂၀,၇၁၆ ကို

အလုပ်ပေးနိုင်ကြောင်းတွေ့ရပါသည်။ လုပ်ငန်းပေါင်း(၁၂၇၁၆)ခုရှိပါသည်။ ကုန်သွယ်မှုပြုသူအမျိုးအစား ၃မျိုးရှိပါသည်။ (က)တိုက်ရိုက်ကုန်သွယ်သူများ (Left hand-right hand traders)တန်ဘိုးမြှင့်ခြင်းလုံးဝ မရှိပဲစျေးကွက်သို့ တိုက်ရိုက်တင်သွင်း/တင်ပို့သူများ (ခ)တန်ဘိုးမြှင့်ပေါင်းစပ်မှုပြုလုပ်သူများ-Traders with some value added services- ကုန်သည်များထံမှ ကုန်ကြမ်းများကိုသာ ကုန်သွယ်ပြီး ကုန်ပံ့ပိုးမှုအတွက်ငွေကြေးထောက်ပံ့ပေးသည်။ ၎င်းတို့၏ဝယ်ယူမှုများအတွက် ဖောက်သည်များထံမှ LC-letter of creditကို ရန်ပုံငွေရှာရန် အသုံးပြုလေ့ရှိပါသည်။ အချို့လုပ်ငန်းများသည် စက်ရုံများနှင့်ချိတ်ဆက်၍ ထုတ်လုပ်မှုများ အရည်အသွေးထိန်းရန် ကန်ထရိုက်ခွဲများထပ်မံပေး၍ ဆောင်ရွက်ပါသည်။ (ဂ)Traders with sophisticated value-added services-ရှုပ်ထွေးသည့်ကုန်စည်များအဖြစ် ပြောင်းလဲထုတ်လုပ်သူအချို့သည် အချောသပ်ထုတ်လုပ်ရန် ဒီဇိုင်းထုတ်လုပ်သူနှင့် ကုန်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သူများအဖြစ်လုပ်ကိုင်ကြသည်။ trade disintermediation ဟုခေါ်သည့် ထုတ်လုပ်သူများနှင့် ဖောက်သည်များအကြား တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သဖြင့် ဟောင်ကောင်ကုန်သွယ်မှုလုပ်ငန်းပြုသည့် လုပ်ငန်းများအနေဖြင့် အခက်အခဲများရှိလာပါသည်။ ၂၀၁၃ ခုနှစ်တွင် gross margin of merchanting ၂.၉% သို့ကျဆင်းလာပြီး ၂၀၁၂ခုနှစ်၌ ၃.၇%ရှိခဲ့သဖြင့်trade disintermediation ထုတ်လုပ်သူများနှင့်ဖောက်သည်များအကြားတိုက်ရိုက်ဆက်သွယ်မှုများလာကြောင်းတွေ့ရပါသည်။ ထို့ကြောင့် ဟောင်ကောင်ကုန်သည်များအနေဖြင့် ကုန်သွင်းသူများအကြား ယှဉ်ပြိုင်မှုတိုးစေမည့် တန်ဘိုးမြှင့်ကုန်အတွက် ဝန်ဆောင်မှုများကို ပံ့ပိုးပေးရပါသည်။ ဆောင်ရွက်သည့်ဝန်ဆောင်မှုများမှာ-နိုင်ငံခြားမှဝယ်သူများအား ထုတ်လုပ်ထားသည့်ကုန်များအရည်အသွေးစံမှီကြောင်းလာရောက်ကြည့်ရှုနိုင်ရန်၊တင်ပို့မှုအချိန်မှန်ရောက်ရန်၊ကူညီဆောင်ရွက်ရပါသည်။ အမှာစာများမြင့်တက်လာပြီး အချိန်မှီလိုအပ်ပါက ထုတ်လုပ်မှု၌ နိုင်ငံခြားမှဝယ်သူများအား ပူးပေါင်းဆောင်ရွက်ရန် ကူညီပေးရပါသည်။

ကုန်သွယ်မှုပြုသည့်လုပ်ငန်းအကြီးအသေးကိုလိုက်၍လုပ်ငန်းများကွဲပြားသည်ကိုတွေ့ရပါသည်။ သေးသည့်လုပ်ငန်းများသည် ဧရိယာတစ်ခု(ဆေးပစ္စည်းကုန်သွယ်ခြင်း)ကို သာ သီးသန့်ဆောင်ရွက်လေ့ ရှိသော်လည်း လုပ်ငန်းကြီးများသည်ဒေသတွင်း၌ ရောင်းရန်/ဝယ်ရန်ရင်းမြစ်မားရှာဖွေခြင်းကိုအားသန်ကြပါသည်။၎င်းတို့ထံ၌ဒေသတွင်းသာမက ကမ္ဘာပေါ်ရှိရင်းမြစ်ရှာဖွေသည့်ကွန်ယက်များနှင့် ချိတ်ဆက်လုပ်ကိုင်လေ့ရှိပြီး ကုန်ပစ္စည်း တစ်မျိုးတည်းသီးသန့်မဟုတ်ပဲ ကုန်မျိုးစုံကုန်သွယ်မှု ပြုလုပ်ပါသည်။




၂၀၁၃ ခုနှစ်တွင် ကုန်သွယ်မှုတန်ဘိုးသည် ၈.၉% တက်ကာ ကုန်စည်ကုန်သွယ်မှုအတွက် အခသည် ၂.၉%

ကျဆင်းကြောင်း၊ ကုန်ရောင်းဝယ်မှုတန်ဘိုးသည် ၂.၄% ကျဆင်း၍ အရောင်းအဝယ်အတွက် အခ ရရှိခြင်းသည် ၁၂.၁% ဖြင့် အသီးသီး ၂၀၁၂ ခုနှစ်ထက် ကျဆင်းကြောင်း တွေ့ရပါသည်။

**ကုန်တင်ပို့မှု**
ဟောင်ကောင် တင်သွင်း/တင်ပို့မှုကဏ္ဍသည် အဓိကအားဖြင့် နိုင်ငံခြားတွင် ကုန်ရောင်းဝယ်ကို ဆောင်ရွက်ပါသည်။ ဟောင်ကောင်ထုတ်လုပ်မှုများကို တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းထားပြီးဖြစ်သဖြင့် တရုတ်နိုင်ငံသည် ဟောင်ကောင်အတွက် ပြင်ပတွင်ကုန်သွယ်သည့် အဓိကရင်းမြစ် ဖြစ်လာခဲ့ပါသည်။ ကုန်ကျစရိတ်သက်သာသည့်တိုင်းပြည်များသို့ ၎င်းတို့၏ထုတ်လုပ်မှုများကိုရွှေ့ပြောင်းထားခြင်းကြောင့် ထိုကဲ့သို့offshore trading pattern ပြင်ပတွင် ကုန်သွယ်မှု ပုံစံ ဖြစ်ပေါ်လာခဲ့ကြောင်း တွေ့ရပါသည်။

(ခင်ဆွေလတ်)
(စီးပွားရေးသံမှူး၊ဟောင်ကောင်)